Company Letter Head

Company Address and Contact Detail

ရက်စွဲ၊ ------------------------

## Food/Health Supplements တင်သွင်းခြင်းနှင့်ပတ်သက်၍ ခံဝန်ကတိပြုခြင်း

Food/Health Supplements တင်သွင်းမည့် ကုမ္ပဏီ၏ Managing Director (သို့မဟုတ်) ၎င်းရာထူးထက် မနိမ့်သော တာဝန်ခံပုဂ္ဂိုလ်မှ အောက်ပါအချက်များကို သိရှိနားလည်ပြီး ခံဝန်ကတိပြုအပ်ပါသည်။

၁။ Import Recommendation ထုတ်ပေးခြင်းသည် ရည်ညွှန်းကုန်ပစ္စည်း၏ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အာနိသင်ထိရောက်မှုကို အလုံးစုံအာမခံပေးခြင်းမဟုတ်သဖြင့် ယင်းသို့ထင်မှတ်စေသော ရေးသားချက်၊ ဖော်ပြချက်များ မပြုလုပ်ပါ။ Import Recommendation အား ရည်ညွှန်းကြော်ငြာရောင်းချခြင်း မပြုလုပ်ပါ။

၂။ Import Recommendation အား အကြောင်းပြု၍ တင်သွင်းလာသော Food / Health Supplements များသည် ကျန်းမာရေးအထောက်အကူပြု အစားအသောက်များသာဖြစ်ကြောင်း နားလည်သိရှိပါသည်။ ရောဂါအခြေအနေတစ်စုံတစ်ရာကို ကုသ/ ပျောက်ကင်း/ သက်သာစေနိုင်သည်ဟု ညွှန်းဆိုကြော်ငြာရောင်းချခြင်းများ၊ ပုံမှန်အစားအသောက်အာဟာရဓါတ်များကို အစားထိုးနိုင်သည် (သို့မဟုတ်) လျော့ချနိုင်သည်၊ ဆေးဝါးကုသမှုများကိုအစားထိုးနိုင်သည် (သို့မဟုတ်) လျော့ချနိုင်သည်ဟု အဓိပ္ပါယ်သက်ရောက်သော ကြော်ငြာညွှန်းဆိုခြင်းများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မပြုလုပ်ပါ။

၃။ ဖြန့်ဖြူးရောင်းချရာတွင် အသုံးပြုမည့် လက်ကမ်းစာစောင်များ၊ Insert များ၊ Pamphlet များ၊ သတင်းစာ၊ မီဒီယာများတွင် ကြော်ငြာပါက အလွန်အကြူးကြော်ငြာမှုများ မပြုလုပ်ရန် ကုမ္ပဏီမှ အလုံးစုံတာဝန်ယူပါမည်။ ပြင်ဆင်ရန်လိုအပ်လာပါက အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း တသွေမတိမ်းလိုက်နာဆောင်ရွက်ပါမည်။

၄။ လျှောက်ထားသည့် Food/Health Supplements နှင့်ပတ်သက်၍ ပါဝင်ပစ္စည်း (Active Ingredient) (သို့မဟုတ်) ကျန်းမာရေးအကျိုးကျေးဇူးဖော်ပြချက် (Health Claims) (သို့မဟုတ်) အာနိသင်ဖော်ပြချက် (Functional Claims) တို့အား အတည်ပြုစိစစ်သုံးသပ်ရန် လိုအပ်ပါက အထောက်အထား စာရွက်

စာတမ်းများ၊ သုတေသနပြုရှာဖွေတွေ့ရှိချက်များ၊ ကျန်းမာရေးသိပ္ပံပညာဆိုင်ရာ အသိအမှတ်ပြုအဖွဲ့ အစည်းများမှ လေ့လာသုံးသပ်ချက်များအား ပြည့်စုံစွာတင်ပြပါမည်။ အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနမှ အချိန်မရွေးတောင်းခံစိစစ်နိုင်သည်ကိုလည်း သိရှိပါသည်။

၅။ သွင်းကုန်ထောက်ခံချက် (Import Recommendation) ရရှိပြီးသော Food/Health Supplements များအား အမှန်တကယ်တင်သွင်းလာသည့်အခါတိုင်း သွင်းကုန်ကျန်းမာရေးထောက်ခံချက် (Import Health Certificate) ကို မဖြစ်မနေလျှောက်ထားပါမည်။

၆။ တင်သွင်းသည့် Food/Health Supplements နှင့်ပတ်သက်၍ ဘေးထွက်ဆိုးကျိုးများကို တင်ပြရန် ကုမ္ပဏီမှတာဝန်ယူပါမည်။ ဘေးထွက်ဆိုးကျိုး တစ်စုံတစ်ရာဖြစ်ပေါ်လာပါက ယခု ခံဝန်ရေးထိုး လျှောက်ထားသည့်ကုမ္ပဏီမှ အလုံးစုံတာဝန်ယူပြီး ဈေးကွက်မှပြန်လည်ရုတ်သိမ်းခြင်း (Market Recall) နှင့် ဌာနသို့ အချိန်မီသတင်းပေးပို့ခြင်းများ ပြုလုပ်ပါမည်။

၇။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ Food/Health Supplements နှင့် ပတ်သက်၍ အခါအားလျော်စွာထုတ်ပြန်ကြေညာသည့် စည်းကမ်းချက်များ၊ ပြဋ္ဌာန်းချက်များ၊ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများအား သိရှိလိုက်နာဆောင်ရွက်ပါမည်။

အထက်ဖော်ပြပါအချက်များကို လိုက်နာခြင်းမရှိပါက ဌာန၏ စီမံခန့်ခွဲမှုနည်းလမ်းများအရလည်းကောင်း၊ တည်ဆဲအမျိုးသားအစားအသောက်ဥပဒေအရသော်လည်းကောင်း၊ အရေးယူခံရမည်ဖြစ်ကြောင်းကို သိရှိပြီး တစ်သွေမတိမ်းလိုက်နာဆောင်ရွက်ပါမည်ဟု ခံဝန်ကတိပြုလက်မှတ်ရေးထိုးအပ်ပါသည်။

ကုမ္ပဏီတံဆိပ်

လေးစားစွာဖြင့်

လက်မှတ် ---------------------------------

အမည် ---------------------------------

ရာထူး ---------------------------------